# တံခါးခေါက်သံ

ဉာဏ်ဦးမောင်

အရင်သီတင်းတစ်ပတ်အတွင်းက **IBM** ကုမ္ပဏီရဲ့ ကြော်ငြာလေးတစ်ခု စာရေးသူနေထိုင်ရာအိမ်ကို ရောက်ရှိလာပါတယ်။ ကုမ္ပဏီကတော့ အတော်လေးထင်ရှားတဲ့ကုမ္ပဏီတစ်ခုဖြစ်လေတော့ ကွန်ပြူတာနဲ့နီးစပ်တဲ့ သူတော်တော်များများအနေနဲ့သိပြီးသားဖြစ်မှာပါ။ သူ့ရဲ့ကြော်ငြာထဲမှာ ထိပ်က **IBM** ရဲ့ **Logo** လေးရယ်၊ စာရွက်လေးရဲ့အလယ်မှာက စာရေးသူနေထိုင်တဲ့ အိမ်ရဲ့လိပ်စာရယ်၊ ကြော်ငြာစာရွက်လေး အောက်ဆုံးမှာ စာကြောင်းလေးတစ်ကြောင်းရယ်ပဲ ပါလေတာကြောင့် ဘာအတွက် ကြော်ငြာတာလဲရယ်လို့ စာရေးသူတော့ ကွဲကွဲပြားပြား မသိတာအမှန်ပါပဲ။ စာရေးသူကိုယ်တိုင်က **IBM** ကုမ္ပဏီရဲ့ လုပ်ငန်းအခြေအနေနဲ့ ထုတ်ကုန်ပစ္စည်းတို့ အနေအထားကို နားမလည်တာကြောင့်လား ၊ ဒါမှမဟုတ် သူ့ကြော်ငြာကပဲ ပြည့်စုံတဲ့သတင်းအချက်အလက်ကို မပေးတာကြောင့်လေလားရယ်တော့ မပြောနိုင်ဘူးပေါ့။ ကြော်ငြာပေးပို့ခြင်းဟာ ကိုယ်ဘာတွေထုတ်လုပ်နေတယ်၊ ကိုယ့်ပစ္စည်းအရည်အသွေးက ဘယ်လိုကောင်းမွန်တယ်၊ အရည်အသွေးတူ အခြားပစ္စည်းတွေနဲ့ နှိုင်းယှဉ်ရင် ကိုယ့်ပစ္စည်းက ဈေးနှုန်းဘယ်လောက်ချိုသာတယ်၊ ဘယ်သူတွေ ဘယ်လောက်များများဖြင့် သူ့ထုတ်ကုန်ပစ္စည်းကို သုံးစွဲနေကြတယ်ဆိုတာမျိုးကို အသိပေးချင်တာဆိုရင်တော့ **IBM** ရဲ့ ဒီကြော်ငြာမှုဟာ ခရီးမရောက် ဘူးရယ်လို့ ပြောရမှာပါ။



ဒီလိုမှမဟုတ်ပဲ ဒါက ဘာကြော်ငြာများဖြစ်ပါလိမ့် ၊ ဘာအတွက်ပါလိမ့်ဆိုတဲ့ တွေးတောလိုစိတ်ကို နှိုးဆွပေးလိုတဲ့အနေနဲ့ ကြော်ငြာတာမျိုးဖြစ်ခဲ့ရင်တော့ တခြားသူတွေအတွက်တော့ မဆိုသာပါဘူး၊ စာရေးသူတစ်ဦးတည်းအတွက်တော့ အတော်ကိုထိရောက်တဲ့ ကြော်ငြာလေးလို့ ပြောရမှာပါ ။ ကြော်ငြာမှာပါတဲ့ တစ်ကြောင်းတည်းသော စာသားလေးဟာ စာရေးသူအတွက် တစ်ပတ်လုံးလုံး အတွေးစတွေကို ပွားစေခဲ့ပါတယ် ။ ပြောရရင် ခုဒီဆောင်းပါးကို ရေးဖြစ်ခြင်းသည်ပင် အဲဒီစာသားလေးကို အကြောင်းပြုပြီး ရေးခဲ့ခြင်းဖြစ်တယ်လို့ ပြောရမှာပါ။

**Security is everyone's business-** တဲ့၊ ကြော်ငြာစာရွက်အလွတ်တစ်ခုလုံးရဲ့ အောက်ခြေမှာပါတဲ့ တစ်ကြောင်းတည်းသော စာကြောင်းတိုလေးပါ ။ လုံခြုံရေးဟာ လူသားတိုင်းနဲ့ သက်ဆိုင်တဲ့အရာ (သို့မဟုတ်) လုံခြုံရေးဆိုတာ ပုဂ္ဂိုလ်တိုင်းအတွက် အရေးကြီးတဲ့အရာရယ်လို့ မြန်မာပြန်နိုင်ပါလိမ့်မယ် ။ အမှတ်တမဲ့ကြည့်ရင် ကုမ္ပဏီတစ်ခုရဲ့ သမားရိုးကျ စီးပွားရေးကြော်ငြာတစ်ခုလို့သာ ထင်ရပေမယ့် ဒီစီးပွားရေးကြော်ငြာ စာသားလေးခုလိုဖြစ်ပေါ်လာစေဖို့အတွက် ဖန်တီးပေးတဲ့ အခြေအနေအကြောင်းရပ်ကို စဉ်းစားမိမယ်ဆိုရင် အထူးပင် စိတ်ဝင်စားဖို့ကောင်းတာကိုတွေ့ရမှာပါ၊ နောက်ပြီး ဒီနေ့ဖြစ်ပေါ်နေတဲ့ လူသားတို့ရဲ့ ပတ်ဝန်းကျင်အခြေအနေကိုလဲ လူတိုင်းဆင်ခြင်စဉ်းစားဖို့လိုနေပြီဖြစ်ကြောင်း သဘောပေါက်လာမှာပါ။

ဘာကြောင့်လုံခြုံရေးဟာ လူသားတိုင်းနဲ့သက်ဆိုင်တဲ့အရာ၊ လုံခြုံရေးဆိုတာ ပုဂ္ဂိုလ်တိုင်းအတွက် အရေးကြီးတဲ့အရာလို့ ပြောရတာပါလဲ။လုံခြုံရေးဆိုတာ ဘယ်လိုအရာမျိုးကို ညွှန်းဆိုရမှာပါလဲ။ ဘယ်အတိုင်းအတာအထိ လုံခြုံရေးရှိဖို့ လိုအပ်ပါသလဲ။ လုံခြုံရေးဆိုတဲ့စကားရဲ့အဓိပ္ပါယ်ကို ဖွင့်ဆိုရာမှာ လူမျိုးတစ်မျိုးနဲ့တစ်မျိုး၊ တိုင်းနိုင်ငံတစ်ခုနဲ့တစ်ခု တစ်ပြေးညီဖြစ်နိုင်ပါသလား။ လူသားတစ်ယောက်မှာ ရသင့်ရထိုက် ရှိသင့်ရှိထိုက်တဲ့ စိတ်ခွာတ်ရေးရာ

လုံခြုံရေးနဲ့ ရှပ်ပိုင်းဆိုင်ရာလုံခြုံရေးကို မရရှိခဲ့ရင် ဘယ်လိုအကျိုးဆက်တွေကိုဖြစ်ပေါ်စေနိုင်ပါသလဲ စတဲ့စတဲ့ မပြီးဆုံးနိုင်တဲ့ လဲပေါင်းများစွာ လားပေါင်းများစွာသော မေးခွန်းတွေ တစ်သီကြီး ဖြစ်ပေါ်လာခဲ့ပါတယ်။

လုံခြုံရေးဆိုတာ လူသားတိုင်းအတွက် အရေးကြီးတဲ့အရာ **Security is everyone's business-** ဆိုတဲ့စကားလေးဟာ ဘာကြောင့် ကြော်ငြာတစ်ခုရဲ့ **slogan** ဖြစ်နေရတာလဲ ၊ ဒီအတွက် အဖြေစကားတွေ အများကြီးရှိနိုင်ပါလိမ့်မယ်။ အဲဒီအထဲက ခု လောလောဆယ်ဖြစ်နေတဲ့အကြောင်းရင်းကတော့ အမေရိကန်လွှတ်တော်မှာ ကျယ်ကျယ်လောင်လောင် ဆွေးနွေးနေကြရတဲ့ **gun control** ကိစ္စပဲဖြစ်ပါတယ်။ အသက်အရွယ်ပြည့် အရွယ်ရောက်လို့ စိတ်ကျန်းမာရေးနဲ့ပြည့်စုံသူတိုင်း သေနတ်ကို လွတ်လပ်စွာကိုင်ဆောင်နိုင်တဲ့ ဒီအမေရိကမှာ သေနတ်ကိုင်ဆောင်သူဦးရေများပြားခြင်းဆိုတာ အဆန်းတော့မဟုတ်ပါဘူး။ **TV** ကြော်ငြာ တချို့မှာတောင် ပါးနပ်စွာနဲ့ သေနတ်အမျိုးမျိုး ကြော်ငြာပြတာကို တခါတရံ တွေ့ရနိုင်ပါတယ်။ တခါက ကားတစ်စီးရဲ့ နောက်မှန်မှာ ငါ့မှာသေနတ်ရှိတယ်=**I have a gun** ဆိုတဲ့ စာကြောင်းတစ်ကြောင်း ထင်ထင်ရှားရှား ရေးထားတာကို တွေ့မိပါသေးတယ်။ ဆိုလိုတာက လာမထိနဲ့။ ထိရင် မီးပွင့်သွားမယ်လို့ အတိအလင်း ကြေငြာတဲ့သဘောပါပဲ။

ခုလိုသေနတ်ကို လွတ်လွတ်လပ်လပ် ကိုင်တွယ်နိုင်တာကြောင့် တစ်ဖက်မှာကိုယ့်ကိုယ်ကို ကာကွယ်ရေးစတဲ့ အကောင်းလက္ခဏာမျိုး ရှိနိုင်သလို တစ်ဖက်မှာတော့ မကြာမကြာပေါ်ပေါ်လာတတ်တဲ့ ကြေကွဲဝမ်းနည်းဖွယ်အဖြစ်မျိုးကိုလဲ တွေ့ရတတ်ပါတယ်၊ ဘယ်မြို့မှာတော့ ဘယ်သူက လူဘယ်နှစ်ယောက်ကို သေနတ်နဲ့ ဝင်ပစ်သွားပြန်ပြီ။ ဘယ်မှာတော့ ကျောင်းသားတစ်စုက အိမ်ကသေနတ်ယူလာပြီး ကျောင်းကဆရာဆရာမနဲ့ကျောင်းသားများကို ပစ်သတ်ပြန်ပြီ စတဲ့အသံများကို မကြာမကြာ ကြားရခြင်းပါ။

အမေရိကန်လူထုလက်ထဲမှ ၁ရောက်ရှိကိုင်ဆောင်နေတဲ့ သေနတ်ဦးရေနဲ့နှိုင်းစာရင် ခုလောက်ဖြစ်ပေါ်နေတဲ့ ဖြစ်ရပ်ဆိုးတွေဟာ များတယ်လို့တော့ မဆိုသာပါဘူး။ သို့ပေမယ့် မများလှတဲ့ ယခုလိုအဖြစ်အပျက်များထဲမှာ သေကြေ ပျက်စီးကြ၊ ထိခိုက်ဒဏ်ရာရကြသူများဟာ လုံးဝအပြစ်ကင်းစင်တဲ့သူများ အများစုဖြစ်နေတတ်ပါတယ်။ ဒီတော့ စဉ်းစားဖို့က လုံးဝအပြစ်မရှိသူတစ်ယောက် အပြစ်ကင်းစင်သူတစ်ယောက် သက်သက်အကြောင်းမဲ့ သေဆုံးရခြင်းဆိုတာ ဖြစ်သင့်တဲ့ အရာမျိုးပါလား။ မတော်တစ်ဆ သေဆုံးရတဲ့အရာမျိုးမဟုတ်ပဲ အစဉ်းစား အဆင်ခြင်မဲ့လူရမ်းကားတစ်ဦးဦးကြောင့် အပြစ်မဲ့သူတွေ အများအပြားသေဆုံးကြရတာ။ အများစု မဆိုထားနဲ့ တစ်ဦးတစ်ယောက်သေဆုံးရခြင်းသည်ပင် ဘယ်လိုမှ မဖြစ်သင့်မဖြစ်ထိုက်တဲ့ အရာမျိုးပါ။ **လူသားတို့ရဲ့ အသက်ဇီဝိန်ကို အလွယ်တကူခြွေပစ်နိုင်တဲ့ လက်နက်မျိုးကို မဆင်မခြင် အရမ်းကာရော သုံးစွဲမယ်ဆိုရင်၊ လုံခြုံအောင် ထိမ်းသိမ်းနိုင်စွမ်း မရှိဘူးဆိုရင်၊ အပြစ်မဲ့သူတွေကို အကြောင်းမဲ့သတ်ဖြတ်ဖို့ ဒီလူသတ်လက်နက်ကို ကိုင်ဆောင်ခဲ့တာဆိုရင် သေနတ်ကိုင်ဆောင်ခြင်းဟာ ခွင့်ပြုသင့်တဲ့ အရာမျိုး မဟုတ်ဘူးလို့တောင် ဆိုရမှာပါ။**

ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့၊ ကိုယ့်လုံခြုံရေးစတဲ့အကြောင်းတွေအတွက် သေနတ်ကိုကိုင်တွယ်ကြတာတော့ဟုတ်ပါတယ်။ ကိုယ့်အတွက်ကာကွယ်ရေးဟာ တစ်ပါးသူတွေအတွက် ထိတ်လန့်စိုးရိမ်နေရမည့်အနေမျိုးဖြစ်မယ်ဆိုရင်တော့ ဒီကာကွယ်ရေးဟာ နည်းလမ်းမှန်တာရော ဟုတ်ပါလေစလို့ စာရေးသူတော့ စဉ်းစားမိပါသေးတယ်။ နောက်ပြီးလူသားတို့ရဲ့စိတ်ဆိုတာကလဲ တစ်သမတ်တည်းရှိနေဖို့ဆိုတာက ခက်ခဲတဲ့အရာမျိုးပါ။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရေးအသွင်ကနေ ကိုယ်ကအားကြီးလာရင် အနိုင်ယူချင်တတ်၊ စိုးမိုးချယ်လှယ်ချင်တတ်တဲ့ အသွင်မျိုးပြောင်းလဲလာလဲတတ်သလို ကိုယ့်ရဲ့အတ္တမာန်မာနကို ထိပါးလာရင် အဆင်ခြင်မဲ့ တုန့်ပြန်တတ်တာမျိုးကလဲ လူသားတို့အနေနဲ့ ဖြစ်လေ့ရှိတတ် ဖြစ်နိုင်တတ်တာမျိုးပါ။ တကယ်တမ်းတိတိကျကျပြောရရင် ဖြစ်ခဲ့တာတွေများခဲ့ပါပြီ။

ခုဆို ကမ္ဘာ့ဇာတ်ခုံပေါ်ကမြင်ကွင်းမှာ ခလုပ်တစ်ချက်နှိပ်လိုက်ရုံနဲ့ လူ့အသက်ပေါင်းများစွာကို သေကြေပျက်စီးစေနိုင်တဲ့ နျူကလီးယားဗုံးကြီးတွေ ဒုံးကြီးတွေ ပိုင်ဆိုင်သူတွေ တိုးတက်များပြားလာတာကို တွေ့မြင်ကြားသိနေရပါတယ်။ မတော်တဆ လွဲချော်မှုတစ်ခုခုဖြစ်ခဲ့ရင်၊ ဒါမှမဟုတ် ဒီဗုံးကြီးတွေ ဒုံးကြီးတွေကို ပစ်လွှတ်ဖောက်ခွဲနိုင်တဲ့ အခွင့်အာဏာရှိသူတစ်ဦးဦးရဲ့ အဆင်ခြင်မဲ့လုပ်ရပ်မျိုးနဲ့ ကြုံလာခဲ့ရင်ဆိုတဲ့ အတွေးမျိုးနဲ့ ဒီဗုံးတွေ ဒုံးတွေရဲ့စွမ်းအားကို သိနားလည်သူတွေကတော့ စိုးရိမ်ကြောက်ရွံ့နေကြပါပြီ။ မိုးပြိုအများပဲဆိုသူတွေနဲ့ မျက်ကန်းတစ္ဆေမကြောက်သူတို့ကတော့ “လေညာက နေသာသပ”ဆိုသလိုမျိုး ဖြစ်ကောင်းဖြစ်နေမှာလားတော့ မသိဘူးပေါ့။ ကိုယ့်မှာ ကြီးမားတဲ့စွမ်းရည်မရှိလို့ ကျရောက်လာနိုင်လောက်တဲ့ အန္တရာယ်ဆိုးကြီးတွေကို ကြိုတင်ခုခံကာကွယ်နိုင်စွမ်း မရှိရင်တောင် အန္တရာယ်ကို အန္တရာယ်မှန်းသိဖို့တော့ လိုအပ်တာအမှန်ပါ။ အန္တရာယ်ကို အန္တရာယ်လို့မြင်ပါမှသာ ဘဝလုံခြုံရေးအတွက် ခုခံကာကွယ်စွမ်းရည်ကို ဘယ်လိုနည်းလမ်းရှာဖွေရပါ့မလဲလို့ ကြံဆလိုစိတ်နဲ့ ကြံဆစွမ်း

ရည်ဆိုတာ ထွက်လာမှာပါ ။ နို့မဟုတ်ရင်တော့ ရေလိုက်ငါးလိုက်ဘဝနဲ့ပဲ လုံးခြာလိုက်ရင်း အွန္တရာယ်နဲ့ထိပ်တိုက်တိုးပါမှ "အမေလေး မြတ်စွာဘုရားကယ်တော်မူပါ"ရယ်လို့ အမေတ၊ ဘုရားတ၊ တကြမယ်ဆိုရင်တော့ အချိန်နှောင်း၊ အခါနှောင်း၊ အရာရာနှောင်းလို့ နောက်အကျကြီး ကျနေပါလိမ့်မယ်။

**Necessity is the mother of invention.** လိုအပ်ချက်ဟာ တီထွင်မှုရဲ့မိခင်–တဲ့ ၊ လူသားတွေရဲ့လိုအပ်ချက်အရပ်ရပ်ကြောင့် အဲဒီလိုအပ်ချက်တွေကိုဖြည့်ဆည်းဖို့ အသစ်သစ်တွေတီထွင်ကြ။ အဆန်းဆန်းတွေကို အမျိုးမျိုးထုတ်လုပ်ခဲ့ကြပါတယ်။ ခုလဲ ထုတ်လုပ်နေဆဲဖြစ်သလို နောင်လဲဆက်လက်တီထွင် ကြံဆထုတ် လုပ်နေကြဦးမှာပါပဲ။ **Necessity is a powerful weapon.** တဲ့။ လိုအပ်ချက်ဆိုတာ အင်အားပြင်းထန်တဲ့ ဗုံးတစ်လုံးအလား စွမ်းအားရှိတယ်လို့ ဆိုတဲ့သဘောပါ။ ပညာရှိများကတော့ ကောင်းမွန်တဲ့အဓိပ္ပါယ်နဲ့ မိန့်ဆိုခဲ့တာ ဖြစ်မှာပါ။ **ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ၊ ပြင်းပြတဲ့ဆန္ဒရှိသူတွေအတွက် မပြီးမြောက်နိုင်တဲ့အရာ မရှိနိုင်ဘူး–** ဆိုတဲ့ မိန့်ကြားချက် စကားတစ်ခွန်းနဲ့ အလားတူသဘောမျိုးပါပဲ။

လူသားကောင်းကျိုးပြုဖို့ဆိုတဲ့ မှန်ကန်တဲ့ရည်ရွယ်ချက်တွေနဲ့ တီထွင်ထုတ်လပ်ခဲ့တဲ့ အရာတွေကပေမင့် အသုံးပြုသူတို့ရဲ့ လွဲမှားစွာအသုံးချမှုကြောင့် လူသားအကျိုးဖျက် အဖျက်လက်နက်တွေ ဖြစ်သွားတတ်တာမျိုးကိုလဲ ကြုံဘူးခဲ့ကြပါပြီ ။ အထက်နားကပြောခဲ့တဲ့ ပညာရှိတို့ရဲ့ စကားနဲ့ဆန့်ကျင်စွာ **မတရားလိုအပ်ချက်တွေဟာ တကယ့်ကိုမှ အင်အားပြင်းထန်တဲ့ ဗုံးကြီးတွေပါပဲလို့** ဆိုရမလိုတောင် ဖြစ်နေပါပြီ ။ အစကတည်းကိုက ကမ္ဘာလောကရဲ့အလှကို ဖျက်ဆီးဖို့ဆိုတဲ့ ဆိုးရွားလှတဲ့ ရည်ရွယ်ချက်တွေနဲ့ သူ့ထက်ငါ အဆန်းထွင်ကာ အပြိုင်အဆိုင်ထုတ်လုပ်နေမှုမျိုး အတွက်တော့ အထူးပြောနေဖို့တောင်လိုမယ် မဟုတ်ပေဘူးပေါ့။

တိုင်းနိုင်ငံအသီးသီးမှာရှိနေကြတဲ့၊တိုင်းပြည်ဘဏ္ဍာငွေကို စီမံခန့်ခွဲနိုင်စွမ်းရှိသူတွေရဲ့ ဦးနှောက်ထဲမှာပေါ့လေ၊ လူသားတို့ရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေး၊ကျန်းမာရေး၊ပညာရေးစတဲ့ နေရာတွေမှာ တိုင်းသားပြည်သူအသီးသီးတို့ရဲ့ ဘဏ္ဍာငွေတွေကို ပိုမိုကျခံသုံးစွဲကြမယ်ဆိုတဲ့အသိတွေ များများဝင်ရောက်နိုင်ပါစေလို့ပဲ ဆုတောင်းနေရမည့်အဖြစ်မျိုးပါ။ ခုလိုဖြစ်နေရတာကိုက လူသားတစ်ယောက်ရဲ့ ရပိုင်ခွင့်ဟာ အလိုလိုဆုံးရှုံးနေတယ်လို့ ဆိုရမှာပါ။

ပတ်ဝန်းကျင်ကို အဆိပ်သင့်စေ ဒဏ်ဖြစ်စေတဲ့အရာမျိုး ကိုယ်ကိုယ်တိုင်က တစ်ခုမှ မလုပ်ပါပဲလျက်ကယ်နဲ့ ဘယ်နေရာကနေ၊ ဘယ်သူ့ဆီကနေ၊ ဘယ်အချိန်မှာများ ဘယ်လိုပြဿနာမျိုး ကိုယ့်ဆီကို သယ်ဆောင်လာလေမလဲ၊ ပြဿနာကို တမင်ရှာတတ်သူတို့ရဲ့ အချိန်မတော် အိမ်တံခါးခေါက်သံဟာ ဘယ်အချိန်မှာများ မဖိတ်ခေါ်ပဲ ဆိုက်ရောက်လာလေပဲ့မလဲရယ်လို့ စိုးရိမ်ကြောင့်ကြစွာနဲ့ နေနေရတဲ့အဖြစ်ဟာ လူသားတစ်ယောက်ရဲ့စိတ်ကို အကြီးမားဆုံး၊ အဆိုးဆုံးသော ဒဏ်သင့်စေတဲ့ အရာပါပဲရယ်လို့ ကိုယ်တိုင်ခံစားမှု အသိအရ နားလည်နေမိပါတယ်။ ။

ဉာဏ်ဦးမောင်

ဉာဏ်ဦးမောင်၏ ကမ္ဘာမြေကြီး ငြိမ်းချမ်းပါစေ စာအုပ်မှ

